# News Letter (November and December)2018

## STIMU သင်တန်းသူ/သားများ ထိုင်းနိုင်ငံသို့ အလုပ်ရုံဆွေးနွေးပွဲ သွားရောက်ခြင်း

STI Myanmar University သည် အင်္ဂလန်နိုင်ငံမှ Queens Award ရရှိထားသည့် University of Bedfordshire တက္ကသိုလ် နှင့်ပူးပေါင်း၍ ကမ္ဘာ့အဆင့်မီ သင်တန်းများဖြစ်သော MBA (general) နှင့် MBA (Hospital and Health Services Management) မဟာဘွဲ့သင်တန်းများကို သင်ကြားပို့ချပေးလျှက်ရှိပါသည်။



ထိုသင်တန်းမှ သင်တန်းသား/သူ (၈)ဦးတို့သည် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ Bangpakok 9 International Hospital ဆေးရုံတွင် အောက်တိုဘာ (၂၉) ရက်နေ့မှ နိုဝင်ဘာ (၂)ရက်နေ့အထိ "ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်းများ၏ Management system" များ၊ "တိုးတက်ဖွံ့ဖြိုးရေးနှင့် စံချိန်မီ လုပ်ထုံးလုပ်နည်းများကို ချမှတ်ခြင်း" ၊ "ဆေးဝါးစီမံခန့်ခွဲမှု ဆောင်ရွက်မှုလုပ်ငန်းစဉ်များ" ၊ "လူ့စွမ်းအား အရင်းအမြစ် လေ့ကျင့် ပျိုးထောင်ရေးနှင့် တိုးတက်ဖွံ့ ဖြိုးရေး" ၊ "လူနာ လွဲပြောင်း လက်ခံထားရှိသော စနစ်များ" စသည်တို့ကို Management Level တွင် မည်သို့ ဆောင်ရွက်နေသည်ကို လက်တွေ့လေ့လာခဲ့ကြသည်။ Hospital Tour အနေဖြင့်လည်း Piyavate International Hospital ကိုလည်း သွားရောက်လေ့လာခဲ့ကြပြီး ၊ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ကြား ကွဲပြားခြားနားမှုများကိုလည်း အပြန်အလှန်ဆွေးနွေးခဲ့ ကြ ကြောင်း သိရှိရပါသည်။

# STIMU Engineering Major Internship certificate Awarding Ceremony

STI Myanmar University နှင့် Myanmar Construction Entrepreneurs Association( MCEA) တို့မှ ကြီးမှူးပြီး Engineering Civil နှင့် Architecture မေဂျာများမှ နောက်ဆုံးနှစ်တက်ရောက်ကြမည့် ကျောင်းသား/ သူ (၂၂) ဦးကို လုပ်ငန်းခွင်သို့ မဝင်ရောက်ခင် M.K.T Construction Co.Ltd , Dynamic Engineering and General Trading Co.Ltd , Mya Nan Dar Construction Co.Ltd , Naing Group Construction Co.Ltd စသည့် ကုမ္ပဏီကြီးများတွင် အောက်တိုဘာ (၉ )ရက်နေ့မှ နိုဝင်ဘာ(၉)ရ က်နေ့အထိ တ စ်လတိတိ Internship program အဖြစ် သွားရောက် လေ့လာခဲ့ကြ ပါသည်။ Internship Program ကို ပြီးမြောက်အောင် ဝိုင်းဝန်းကူညီခဲ့ကြသော Company များကို ကျေးဇူးတင်စကားပြောခြင်းနှင့် စာတွေ့မှလက်တွေ့သို့ . လေ့လာသင်ယူခဲ့ကြသော ကျောင်းသား/သူ များကို Certificated များ ပေးအပ်ချီးမြှင့်ခြင်း း အ ခမ်းအနားကို ၂၀၁၈ ခုနှစ် နိုဝင်ဘာ (၇)ရ က်နေ့ တွင် MICT Park အတွင်းရှိ STIMU Campus ပထမထပ်ရှိ အခန်း (၁၀၈) တွင် မနက် (၁၀) နာရီမှ (၁၂) နာရီအထိ ကျင်းပခဲ့ပါ သည်။




ထိုအခမ်းအနားတွင် STI Myanmar University ၏ President ဒေါ်ခင်အေးဝင်းမှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး MCEA ၏ CEO ဦးဝင်းဌေးနှင့် Mya Nan Dar Construction Co.Ltd မှ Managing Director ဦးအေးလင်းတို့ မှ မုဒိတာ စကားများေ ပြာကြားခဲ့ပြီး Internship Awarding Certificate များကိုလည်း ပေးအပ်ခဲ့ကြပါ သည်။ ထို့နောက် STIMU၏ Consultant ဆရာမ ကြီး ဒေါ်လှကြူက ကျေးဇူးတင်စကား ပြောကြားခဲ့သလို STIMU ၏ ကျောင်းသား မောင်ကျော်မင်းထက်အောင်မှလည်း ကျောင်းသား/သူများ ကိုယ်စား ကျေးဇူးတင်စကား ပြောကြားခဲ့ပြီး တက်ရောက်လာ သော ဆောက်လုပ်ရေး ကုမ္ပဏီမှ တာဝ န်ခံလူကြီးမင်းများ အား မေတ္တာလက်ဆောင်များ ပေးအပ်ခဲ့ ပြီး အခမ်းအနားကို အောင်မြင်စွာ ရုတ်သိမ်းခဲ့ကြောင်း သိရှိရပါသည်။

## STIMU ၏ MSc (Nutrition & Dietetics) ကျောင်းသား/သူများ စက်ရုံအလုပ်ရုံများသို့ ကွင်းဆင်းလေ့လာခြင်း

STI Myanmar University နှင့် အင်္ဂလန်နိုင်ငံရှိ Queens Award ရရှိထားသော University of Bedfordshire ( UK) ၏ ကျွမ်းကျင့်အဆင့်မီ သင်ကြားပို့ချနေသော အစားအစာနှင့် အာဟာရဆိုင်ရာ မဟာဘွဲ့ Master of Science in Nutrition Dietetics MSc ( Nutrition & Dietetics) သင်တန်းမှ သင်တန်းသား/သူ ၁၇ ဦးသည် ပြည်သူလူထုများ၏ဘဝတွင် ရောဂါကင်းရှင်းပြီး ကျန်းမာပြည့်စုံမှုများရှိစေရန် အာဟာရပြည့်ဝသော အစားအသောက်များအတွက် ထောက်ပံ့ကူညီမှုများ ပေးနေသော စက်ရုံ ၊အလုပ်ရုံများသို့ ကိုယ်တိုင် သွားရောက်၍ ကွင်းဆင်းလေ့လာခဲ့ကြပါသည်။




၂၀၁၈ခုနှစ် နိုဝင်ဘာ ၂၄ ရ က်နေ့ မနက် (၉) နာရီခ နံ့တွင် သင်တန်းသား/ သူ သူများသည် အာဟာရပညာရှင် ဒေါ်သဲမာထွန်းသိန်း၏ ရှင်းပြညွှန်ကြားမှုနှင့် အတူ "မြ" အားဖြည့်ဆန် ထုတ်လုပ်ရာ လှိုင်သာယာ မြို့နယ်ရှိ ရွှေလဝန်းဆန်စက်သို့ သွားရောက် လေ့လာခဲ့ ကြပါသည်။ ဆက်လက်၍ အရှေ့ဒဂုံ စ က်မှုဇုံရှိ မြေမဲ့ သဘာဝကျကျစိုက်ပျိုးသည့် "Uni-vege Hydrophonic plant factory" သို့ လည်း သွားရောက်ခဲ့ပါသည် ။ ထိုလုပ်ငန်းတွင် ဂျပန်နည်းပညာဖြင် ့ ပိုးသတ်ဆေးလုံးဝမပါပဲ သဘာဝနည်းပညာတစ်ခုတည်းဖြင့် ရက်သားမှလသားအထိ အဆင့်ဆင့် စိုက်ပျိုးထားသော သီးပင် စားပင်ငယ်လေးများ ကိုလည်း လေ့လာတွေ့ရှိရပါသည် ။ ကျန်းမာပြည့်စုံ သော ဘဝ ဘဝတစ်ခုကို ပိုင်ဆိုင်နိုင်စေရန် မှန်ကန်သင့်လျော် သောညွှန်ကြားချက်များ ၊ တိကျကောင်းမွန်ေ သာ အကြံပေးမှုများကို ယုံကြည်မှု ရှိစွာပြုလုပ်နိုင်မည်ဖြစ်ပြီး လူမှုပတ်ဝန်းကျင် ကို အ မှန်တကယ်အကျိုးပြု နေသော လုပ်ငန်းများသို့ လေ့ လာခဲ့ခြင်းဖြင့် ဗဟုသုတ များစွာရရှိခဲ့ကြောင်း သိရှိရပါသည်။

STI Myanmar University ၏ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

STI Myanmar University မိသားစု၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ရန်ကုန်မြို့ STI Myanmar University အင်းစိန်Campus တွင် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ(၁)ရက်နေ့ မ န က်(၉)နာရီမှ နေ့ လည် (၁ (၁၂)နာရီအထိ ကျင်းပခဲ့ပါသည်။





ထိုအခမ်းအနား တွင် နမောတဿသုံးကြိမ်ရွတ်ဆို၍ အခ မ်းအနားကိုဖွင့်လှစ်ခဲ့ပြီး သံဃာတော်အရှင်သူမြတ်များ က တရားဓမ္မတော်များဖြင့် ချီးမြှင့်ခဲ့ ပြီး STI Myanmar Uniersity ၏ President ဒေါ်ခင်အေးဝင်းနှင့် BOD အဖွဲ့ဝင်များက ဆရာတော်သံဃာအရှင်သူမြတ်များအား ဝါဆိုသင်္ကန်းနှင့်လှူဖွယ် ပစ္စည်းများ ဆ က်ကပ်လှူ ဒါန်းခဲ့ပါသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများကလည်း လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ပြီး တ ရားနာယူကာ ရေစက်ချအမျှဝေပြီး အ ခမ်းအနားကို ရုရုတ်သိမ်းခဲ့ ကြောင်း သိရှိရပါသည်။

## MSc Nutrition & Dietetics သင်တန်းသား/သူများ မှအာဟာရဖြည့်စွက်စာများ အကြောင်း ဆွေးနွေးတင်ပြခြင်း

STI Myanmar University တွင် သင်ကြားပို့ချနေသော အင်္ဂလန်နိုင်ငံ University of Bedfordshire ( UK) ၏ အစားအစာနှင့် အာဟာရဆိုင်ရာ မဟာဘွဲ့ MSc ( Nutrition & Dietetics) သင်တန်းမှ သင်တန်းသား/သူ (၁၇) ဦးသည် ဈေးကွက်အတွင်း ရှိ Dietary supplement များနှင့် ပတ်သက်ပြီး မိမိတို့လေ့လာ ဆန်းစစ်ချက်များကို ပြန်လည်ဆွေးနွေးတင်ပြသည့် ဆွေးနွေးပွဲကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာ၂ ရက်နေ့ မနက် (၉) နာရီမှ (၁၂) နာရီအထိ MICT park အတွင်းရှိ STI Myanmar University တွင် ကျင်းပခဲ့ ပါသည်။





ထိုအခမ်းအနားတွင် MSc Nutrition & Dietetics သင်တန်း၏ ကြီးကြပ်သူ ဆရာအောင်ဖုန်းဇော်မှ အဖွင့်အမှာစကားပြောကြားခဲ့ ပြီး ကျောင်းသားသူများက အဖွဲ့ (၂) ဖွဲ့ခွဲ၍ Presentation ပြုလုပ်ခဲ့ကြသည်။ "Mini survey on Dietary supplement " ခေါင်းစဉ်ဖြင့် group A မှ လည်းကောင်း ၊" Analysis of Nutrition Supplement in Myanmar " ခေါင်းစဉ်ဖြင့် Group B မှ လည်းကောင်း ဈေးကွက်တွင်ရှိသော အာဟာရဖြည့်စွက်စာများ အကြောင်း ပြည့်ပြည့်စုံစုံ ဆွေးနွေးတင်ပြခဲ့ကြပါသည်။

**University of Bedfordshire (UK) ၏ link Coordinator Dr.YongMei STIMU သို့ လာရောက်ခြင်း**

၂၀၁၈ခုနှစ် ဒီဇင်ဘာ(၅)ရက်နေ့ မှ ၁၁ ရက်နေ့အထိ University of Bedfordshire (UK) မှ Link Coordinator Dr Yongmei Bentley သည် ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ STI Myanmar University Campus များသို့ သွားရောက်ခဲ့ပါသည်။




Dr Yongmei Bentley သည် UOB ၏ Business School မှ Principal Lecturer ဖြစ်ပြီး UOBနှင့် ချိတ်ဆက်လုပ်ကိုင်နေသော STI Myanmar University ကဲ့သို့ နိုင်ငံရပ်ခြားတက္ကသိုလ်များ၏ Link Coordinator တစ်ဦးလည်းဖြစ်သလို သုတေသန လုပ်ငန်းများစွာကို အောင်မြင်စွာပြုလုပ်ခဲ့ သော Professor တစ်ဦးလည်းဖြစ်ပါသည်။ ၎င်း၏ ခရီးစဉ်အတွင်း STIMU ရှိဆရာ/ဆရာမများ ကျောင်းသား/သူများနှင့် တွေ့ဆုံပြီး နိုင်ငံတကာ တက္ကသိုလ် ကျောင်းသားများနည်းတူ ပညာသင်ကြားမှု အခွင့်အရေးများ အပြည့်အဝရရှိခံစားနိုင်ရန် ပံ့ပိုးခြင်း၊ သိလိုသည်များကို ဆွေးနွေးအကြံပေးမှုများကိုပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။

## 9BE နှင့် 10 BE ကျောင်းသား/ကျောင်းသူများ၏ ကလော- တောင်ကြီး- အင်းလေး လေ့လာရေးခရီးစဉ်

STI Myanmar University Engineering 9BEနှင့်10BE ကျောင်းသား၊ကျောင်းသူများသည် “ကလော-တောင်ကြီး- အင်းလေး” လေ့လာရေးခရီးစဉ်ကို ဆရာ၊ဆရာမများ ဦးဆောင်၍ ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၇ ရက်နေ့မှ ၉ ရက်နေ့အထိ သုံးရက်တာ လေ့ လာရေးခရီးစဉ် အဖြစ် သွားရောက်ခဲ့ ကြပါသည်။ Engineering ကျောင်းသား/သူ (၄၂) ယောက်သည် SS (Aung Ban) ဟိုတယ်တွင် တည်းခိုခဲ့ပြီး

ဟဲဟိုးဆည်သို့ လေ့လာရေးခရီးသွားရောက်ခဲ့ပြီး ကလော-တောင်ကြီး- အင်းလေးမြို့ရှိ အထင်ကရ နေရာများနှင့် စေတီပုထိုးများကိုလည်း ဖူးမျှော်ကာ စိတ်ဝင်တစားလေ့လာမှတ်သားခဲ့ ကြကြောင်း သိရှိရပါသည်။






## MSc Nutrition & Dietetics ၏ Academic Program for Professional Development

STI Myanmar University နှင့် အင်္ဂလန်နိုင်ငံရှိ Queens Award ရရှိထားသော University of Bedfordshire ( UK) ၏ ကျွမ်းကျင်မှုအဆင့်မီ သင်ကြားပို့ချနေသော အစားအစာနှင့် အာဟာရဆိုင်ရာ မဟာဘွဲ့ MSc ( Nutrition & Dietetics) သင်တန်းသို့ ၂၀၁၈ ခုနှစ် ဒီဇင်ဘာ (၉) ရက်နှင့် (၁၀) ရက်နေ့များတွင် (၉) နာရီမှ နေ့လယ် (၁၂)နာရီအထိ ထိုင်းနိုင်ငံ Mahidol University မှ အစာအာဟာရပညာရှင် Professor Visith Chavasit လာရောက်၍ အစားအသောက်ထုတ်လုပ်မှုနှင့် ပတ်သက်သည့် အကြောင်းအရာများ ကို သင်ကြားပို့ချခဲ့ပါသည်။



Professor Visith Chavasit သည် အစားအစာထုတ်လုပ်မှုနှင့် ပြည်သူကျန်းမာရေးအကြောင်း၊ အစားအစာများကို စက်ရုံများတွင် ပြင်ဆင်ထုတ်ပိုးပုံ ၊ ထုတ်လုပ်မှု နေရာများ တွင် အဆိပ်အတောက်နှင့် ရောဂါပိုးများ ကို မည်ကဲ့သို့ ရှောင်ရှားပုံ အကြောင်းနှင့် ထုတ်ကုန်တစ်ခု ထုတ်လုပ်ရာတွင် ကောင်းကျိုး၊ဆိုးကျိုးအပြင် ဆောင်ရန် ရှောင်ရန် လုပ်ဆောင်သင့် သည့် အချက်များ ၊ Quality အဆင့်ဆင့် ထိန်းသိမ်းပုံများကို ရှင်းလင်းပြောကြားခဲ့သည်။





ထို့အပြင် ထုတ်လုပ်ရာတွင် ပတ်ဝန်းကျင် ကိုလည်း ထိခိုက်မှုမရှိအောင် စားသုံးသူများအတွက် လည်း အကျိုးရှိအောင်မည်ကဲ့သို့ပြုလုပ်သင့်သည်များကို လည်း ထိုင်းနိုင်ငံတွင်လက်ရှိ လုပ်ဆောင်နေသော အတွေ့အကြုံများနှင့် နိုင်းယှဉ်၍ ပြောပြခဲ့ရာ သင်တန်းသူ/သားများ ကလည်း စိတ်ဝင်စားစွာဖြင့် သိလိုသည်များကို အပြန်အလှန်မေးမြန်းဆွေးနွေး ခဲ့ ကြကြောင်း သိရှိရပါသည်။

## STI Myanmar University ( Nutrition & Dietetics ) သင်တန်း၏ Journal Reading Club

STI Myanmar University နှင့် အင်္ဂလန်နိုင်ငံရှိ Queens Award ရရှိထားသော University of Bedfordshire ( UK) ၏ ကမ္ဘာ့အဆင့်မှီ သင်ကြားပို့ချနေသော အစားအစာနှင့် အာဟာရဆိုင်ရာ မဟာဘွဲ့ MSc ( Nutrition & Dietetics) သင်တန်းတွင် တစ်လတစ်ကြိမ် ပုံမှန်ကျင်းပနေကျဖြစ်သော Journal Reading Club ကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာ (၁၀) ရက်နေ့ နေ့လည် (၁)နာရီမှ (၄) နာရီ အထိ ပြုလုပ်ခဲ့ပါသည်။



ထိုင်းနိုင်ငံ Mahidol University မှ ပရော်ဖက်ဆာ Visith ၏ ဦးဆောင်မှုနှင့်အတူ ဂျုံ နှင့် အစေ့အဆန်များက ခန္ဓာကိုယ်အလေးချိန်ကို မည်ကဲ့သို့ ထိန်းသိမ်းနိုင်င်ပုံ၊ အားဖြည့်ဆန်များ အသုံးဝင်ပုံနှင့် အားဖြည့်ဆန်ထဲရှိ ဗီတာမင်များက ကလေးငယ်များ၏ ဦးနှောက်လုပ်ဆောင်ချက်များကို မည်ကဲ့သို့ အကျိုးသက်ရောက်မှုရှိစေပုံ၊ ကြက်ဥနှင့် ကလေး ကြီးထွားမှု ဆက်စပ်ပုံများ၊ ချယ်ရီသီးများကို မည်ကဲ့သို့ ပိုးသတ်ပြီး ထုတ်ပိုးပုံနှင့် ချယ်ရီသီး၏ အရည်အသွေးများကို မည်ကဲ့သို့ ထိန်းသိမ်းပုံ အကြောင်း ပြောကြားခဲ့ ကြပါသည်။ ထို့နောက် Boonsom ကုမ္ပဏီမှ ထုတ်လုပ်သော ရေညှိများအကြောင်း presentation ပြုလုပ်ပြီး အစားအသောက်နှင့် ပတ်သက် ဆက်စပ်သော ဂျာနယ်များအကြောင်း ပြောကြားခဲ့ရာ သင်တန်းသူ/သားများကလည်း သိလိုသည်များကို မေး မြန်းခဲ့ပြီး အပြန်အလှန်ဆွေးနွေးခဲ့ကြပါသည် ထိုအခမ်းအနားသို့ STI Myanmar University ၏ Executive

Director ဒေါက်တာချိုမာလွင် ၊ အာဟာရပညာရှင်များနှင့် STIMU ကျောင်းသား/သူများ တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**2nd Forum on ASEAN- China Private Higher Education Development and Cooperation သို့**

**STI Myanmar University မှတက်ရောက်ဆွေးနွေးခြင်း**

အရှေ့တောင်အာရှနှင့် အာဆီယံ နိုင်ငံများရှိ ပုဂ္ဂလိက ကျောင်းများ ၏အ ဆင့်မြင့်ပညာဖွံ့ဖြိုးတိုးတက် စေရန် ရည်ရွယ်၍ အာဆီယံပညာရေးဝန်ကြီးများအဖွဲ့၊ အဆင့်မြင့်ပညာရေးနှင့် ဖွံ့ဖြိုးရေး ဒေသဆိုင်ရာဗဟိုဌာန ( SEAMEO RIHED) ၊ the ASEAN-China Centre (ACC) နှင့် the University of Sanya (USY) တို့ပူးပေါင်း၍ တရုတ်နိုင်ငံ ဟိုင်နန်ကျွန်းရှိ University of Sanya တွင် ဒီဇင်ဘာ (၁၁ ) ရက်နေ့မှ (၁၃) ရက်နေ့အထိ ဒုတိယအကြိမ်မြောက် ASEAN-China Private Higher Education Development and Cooperation Forum ကို ကျင်းပခဲ့ပါသည်။ ယင်း ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံရင်းနှီးမြုပ်နှံမှု ကော်မရှင်၏ ပထမဆုံး ခွင့်ပြုမိန့် ရရှိထားပြီး ထိပ်တန်းအဆင့်မြင့်ပညာများကို သင်ကြားပို့ချနေသော ပုဂ္ဂလိကတက္ကသိုလ်တစ်ခုဖြစ်သည့် STI Myanmar University ကိုလည်း တက်ရောက်ရန် ဖိတ်ကြားခဲ့ပါသည်။



ASEAN-China Private Higher Education Development and Cooperation Forum သည် တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများရှိ အဆင့်မြင့်ပညာရေးအဖွဲ့အစည်းများ နှင့် ပုဂ္ဂလိက တက္ကသိုလ်များ အချင်းချင်း မိတ်ဖက် အဖွဲ့အစည်းအဖြစ်တည်ဆောက်ရန် ၊ နိုင်ငံများအကြားရှိ အဆင့်မြင့် ပညာရေး လုပ်ငန်းများနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ရန်နှင့် စံနမူနာကို တခြားနိုင်ငံများက ပြန်လည်သုံးသပ်လေ့လာနိုင်ရန်၊ အရှေ့တောင်အာရှ နိုင်ငံများနှင့် တရုတ်နိုင်ငံကို ပေါင်းကူးတံတားအဖြစ် ဆောင်ရွက်ပြီး အကြံဉာဏ်များနှင့် အတွေ့ကြုံသစ်များကို တခြားနိုင်ငံများအား ပြန်လည်မျှဝေပေးနိုင်ရန် ရည်ရွယ်ပါသည်။ ယင်း Forum ၏ ရည်ရွယ်ချက်အတိုင်း ဆောင်ရွက်နိုင်ရန် STI Myanmar University သည် တရုတ်နိုင်ငံအပါအဝင် အာဆီယံ (၁၀)နိုင်ငံနှင့် လည်းကောင်း၊ တရုတ်နိုင်ငံ ဟိုင်နန်ကျွန်းရှိ Sanya University နှင့်လည်းကောင်း နားလည်မှုစာချွန်လွှာများ အသီးသီးလက်မှတ်ရေးထိုးခဲ့ ကြပါသည်။





ASEAN- China Private Higher education Forumn ကို ၂၀၁၇ခုနှစ် နိုဝင်ဘာလ (၃၀) ရက်နေ့တွင် ပထမဆုံးအကြိမ်ကျင်းပခဲ့ပြီး အာဆီယံနိုင်ငံများနှင့် တရုတ်နိုင်ငံများမှ အဆင့်မြင့် ပုဂ္ဂလိက တက္ကသိုလ် စုစုပေါင်း ၁၆ ကျောင်းတို့က ထိုအခမ်းအနားသို့ တက်ရောက်ခဲ့ကြပါသည်။ ယခုနှစ်တွင်လည်း ပိုမိုကောင်းမွန် သော နောက်ဆက်တွဲ လုပ်ငန်းစဉ်များကို တက်ရောက်လာသူများ၏ သဘောထားနှင့် အညီ အကောင်အထည်ဖော်နိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။ ယင်း Forum သို့STI Myanmar University ၏ ဥက္ကဌ ဒေါ်ခင်အေးဝင်းနှင့် Executive Director ဒေါက်တာ မျိုးမျိုးနိုင်တို့ တက်ရောက်ခဲ့ ကြောင်း သိရှိရပါသည်။

## STI Myanmar University နှင့် University of Bedfordshire (UK) မှ ဧည့်သည်တော်များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံခြင်း

STI Myanmar University သည် မိတ်ဖက်တက္ကသိုလ်များဖြစ်သော အင်္ဂလန်နိုင်ငံ University of Bedfordshire ၊ ထိုင်းနိုင်ငံ Mahidol University တို့နှင့် ပူးပေါင်း၍ ဘွဲ့ကြို ၊ဘွဲ့လွန် ဘာသာရပ် များကို နိုင်ငံတကာအဆင့်မီ သင်ကြားပို့ချလျက်ရှိသော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ပထမဆုံး ခွင့်ပြုမိန့် ရရှိထားသည့် အဆင့်မြင့် ပုဂ္ဂလိကတက္ကသိုလ်တစ်ခုဖြစ်ပါသည်။ ပြည်တွင်းမှာပင် ကမ္ဘာ့အဆင့်မီသင်ရိုးများ ကိုသင်ကြားပို့ချလျက်ရှိရာ ကျောင်းသား၊ ကျောင်းသူများကို နိုင်ငံတကာ စံချိန်စံနှုန်းများနှင့် နှိုင်းယှဉ် အကဲဖြတ်နိုင်ရန်နှင့် အနာဂတ်ဘဝ ရည်မှန်းချက်အတွက် အာမခံချက်ရရှိစေရန်နှင့် မိတ်ဖက်တက္ကသိုလ်များမှ တာဝန်ရှိသူများနှင့် ဧည့်သည်တော်များ STIMU သို့ မကြာခဏလာရောက်လေ့ရှိပါသည်။




အင်္ဂလန်နိုင်ငံ University of Bedfordshire မှ Vice Chancellor Mr.Bill Rammell နှင့် Executive Dean of Academic Partnership Professor Helen Bailey တို့ ဘွဲ့နှင်းသဘင်သို့ လာရောက်ပေးအပ်စဉ်ကာလအတွင်း International Trade and Investment, Department for International Trade, British Embassy ၏ Deputy Director Mr.Warren Pain ၊ ထိုင်းနိုင်ငံ အာဟာရ ပညာရှင်များအသင်း ဥက္ကဌ Professor Chanida Pachotikarn ၊ အမျိုးသားပညာရေးမူဝါဒကော်မရှင် ဥက္ကဌ ဒေါက်တာ ဦးမျိုးကြွယ်နှင့် ၊ Professor ဦးသန်းနွယ် ၊ ဝိတိုရိယဆေးရုံ ၏CEO ဒေါက်တာဒေါ်အေးအေးစန်း ၊ မြန်မာနိုင်ငံဆောက်လုပ် ရေးလုပ်ငန်းရှင်များအသင်း ဥက္ကဌ ဦးဝင်းဌေး International Finance Corporation ( World Bank Group) ၏ Country officer ဒေါ်ခင်သီတာမော်၊ STI Myanmar University ၏ President ဒေါ်ခင်အေးဝင်းနှင့်တကွ ၊ Board of Directors များ သည် ၂၀၁၈ခုနှစ် ဒီဇင်ဘာ (၁၅)ရက်နေ့တွင် ရန်ကုန်မြို့ ပြည်လမ်းရှိ Lotte Hotel တွင် နေ့လည်စားရင်း ရင်းရင်းနှီးနှီး တွေ့ဆုံကြပြီး STIMU နှင့် University of Bedfordshire (UK) တို့၏ကျောင်းနှစ်ခု

ပူးပေါင်းမှုနှင့် ရှေ့ ဆက်ရမည့် လုပ်ငန်းစဉ် များ အကြောင်း ၊ မြန်မာနိုင်ငံ၏ လက်ရှိပညာရေးအခြေအနေ နှင့် အနာဂတ်မျှော်မှန်းချက်များကို ရင်းရင်းနီးနီး ဆွေးနွေးတိုင်ပင်ခဲ့ ကြောင်း သိရှိရပါသည်။

## ၁၂ ကြိမ်မြောက်ကျင်းပခဲ့ သော STI Myanmar University ၏ ဘွဲ့နှင်းသဘင်အခမ်းအနား

STI Myanmar University ၏ ၁၂ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာ (၁၆) ရက်နေ့ တွင် ကုန်သည်လမ်းနှင့် ဆူးလေဘုရားလမ်းထောင့်ရှိ Pullman Hotel Yangon တွင် ကျင်းပခဲ့ပါသည်။ ထိုအခမ်းအနားတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုခြင်းဖြင့် အခမ်းအနားကိုစတင်ခဲ့ပါသည်။ ထို့နောက် STI Myanmar University ၏ President ဒေါ်ခင်အေးဝင်းမှ အဖွင့်အမှာစကားပြောကြားခဲ့ ပြီး STIMU နှင့် မိတ်ဖက်တက္ကသိုလ်တစ်ခုဖြစ်သော အင်္ဂလန်နိုင်ငံ Uniersity of Bedfordshire မှ Vice Chancellor Mr.Bill Rammell မှလည်း ဂုဏ်ပြု နှုတ်ခွန်းဆက်စကား ပြောကြားခဲ့ပါသည်။ ထို့နောက် MBA, MSc ( Nutrition & Dietetics) MSc (Public Health) မဟာဘွဲ့များ , BA (Hons ) နှင့် BBA in Management ဘွဲ့များ၊ Diploma နှင့် Foundation Business သင်တန်း အသီးသီးမှ ထူးချွန်ဆုရရှိသူများနှင့် ဘွဲ့ရသူများအား နံနက်ပိုင်းတွင် အောင်လက်မှတ်နှင့် ဆုများချီးမြှင့်ခဲ့ပါသည်။ အခမ်းအနားတွင် အထူးဧည့်သည်တော်အဖြစ် ထိုင်းနိုင်ငံမဟီဒေါတက္ကသိုလ် အစာအာဟာရ ပညာဌာန၏ အကြံပေးအဖွဲ့ဝင်၊ ထိုင်းနိုင်ငံ အစာအာဟာရပညာရှင်အသင်း၏ ဥက္ကဋ္ဌ Professor Chanida Pachotikarn

မှ တက်ရောက်ချီးမြှင့်ပြီး အစားအာဟာရဆိုင်ရာ မဟာဘွဲ့ရရှိသူများအား အစားအာဟာရပညာရှင်တံဆိပ်များ




အပ်နှင်းခဲ့ပါသည်။

အခမ်းအနားကို နေ့လည်ပိုင်းတွင် တစ်ကြိမ်ကျင်းပ၍ BEng (Hons) , Civil Engineering, Architectural Engineering, Civil Architectural Engineering ဘွဲ့များ၊ Engineering Program အသီးသီးမှ Advanced Diploma နှင့် Foundation အောင်မြင်ပြီးစီးသူများအပြင် Supply Chanin Management ၊ ဆရာဖြစ် ဒီပလိုမာနှင့် Program များမှ ထူးချွန်ဆုရရှိသူများနှင့် ဘွဲ့ရသူများအား နေ့လည်ပိုင်းတွင် အောင်လက်မှတ်နှင့် ဆုများ ချီးမြှင့်ခဲ့ပါသည်။ အခမ်းအနားတွင် STI Myanmar University ၏ President ဒေါ်ခင်အေးဝင်း မှ STI Myanmar University ၏ အနာဂတ်လုပ်ငန်းစဉ်များနှင့် အတူ ကျေးဇူးတင်စကား ပြောကြားခဲ့ပြီး အမှတ်တရဓါတ်ပုံများရိုက်ကူးကာ အခမ်းအနားကို အောင်မြင်စွာ ပြီးဆုံးခဲ့ကြောင်း သိရှိရသည်။





ထိုအခမ်းအနားသို့ အင်္ဂလန်နိုင်ငံ University of Bedfordshire မှ Vice Chancellor Mr.Bill Rammell နှင့် Executive Dean of Academic Partnership Professor Helen Bailey ၊ STI Myanmar University မှ President ဒေါ်ခင်အေးဝင်းနှင့်တကွ ၊ Board of directors များ ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ၊ ကျောင်း အုပ်ချုပ်ရေးနှင့် သင်ကြားရေးအဖွဲ့ ဝင်ဆရာ၊ဆရာမများ ၊ ကျောင်းသားမိဘဆွေမျိုးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဘွဲ့နှင့်အောင်လက်မှတ်ရရှိထား သော မေဂျာ အသီးသီးမှ ကျောင်းသားကျောင်းသူများ (၇၀၀) ကျော် တက်ရောက်ခဲ့ ကြောင်း သိရှိရပါသည်။

## STI Myanmar University ၏ DBM, DFM, CFS သင်တန်းဆင်းပွဲနှင့် အောင်လက်မှတ်ချီးမြှင့်ပွဲ

STI Myanmar University မှ ဖွင့်လှစ်သင်ကြားနေသော စီးပွားရေး စီမံခန့်ခွဲမှု ( Business Management) သင်တန်းများဖြစ်သော Diploma in Business Management (DBM) , Diploma in Finance and Banking (DFB) နှင့် Certificate in Business Management (CBM) နှင့် Certificate in Financial Services ( CFS) ၊ သင်တန်းများ၏ သင်တန်းဆင်းပွဲနှင့်အောင်ပွဲ ချီးမြှင့်ပွဲအခမ်းအနားကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာ (၂၂ ) ရက်နေ့ နေ့လည် မနက် ၉ နာရီမှညနေ ၄နာရီ အထိ ဗဟန်းမြို့နယ် ဆရာစံလမ်းရှိ CBC Ballroom (Co-operative Business Centre) တွင် ကျင်းပခဲ့ပါသည်။ အခမ်းအနားတွင် ပြည်ထောင်စုမြန်မာနိုင်ငံ တော် အလံအား အလေးပြုခြင်းဖြင့် အခမ်းအနားကိုစတင်ခဲ့ပါသည်။





ထိုအခမ်းအနားတွင် စီးပွားရေး တက္ကသိုလ်၏ ဂုဏ်ထူးဆောင် ပါမောက္ခ ဆရာမကြီး ၊ STI Myanmar Univesity ၏ Consultant ဒေါက်တာ ဒေါ်လှမြင့်က ဂုဏ်ပြုအမှာစကားပြောကြားခဲ့ပြီး သင်တန်းတွင် ထူးချွန်စွာအောင်မြင်ပြီးစီးခဲ့သော ကျောင်းသူ များက လည်း မိမိတို့၏ အတွေ့အကြုံများကို ရှင်းလင်းပြောကြားခဲ့ ပြီး ကျေးဇူးတင်စကား ပြောကြားခဲ့သည်။ ထို့နောက် DFB, DBM နှင့် CBM သင်တန်းအောင်မြင်သူများအား သင်တန်းဆင်း အောင်လက်မှတ်များ ချီးမြှင့်ခဲ့ပြီး STI Myanamar University ၏ President ဒေါ်ခင်အေးဝင်းမှလည်း ကျောင်းသား၊ ကျောင်းသူများအား မှာတ်တာစကား များ ပြောကြားခဲ့ပါသည်။ ဆရာကြီး ဆရာမကြီးများက သင်တန်းဆင်း အောင်လက်မှတ်များပေးအပ်ချီးမြှင့်ခဲ့ပြီး အမှတ်တရ ဓါတ်ပုံရိုက်ကူးခဲ့ကြ သည်။။ ထို့နောက် တက်ရောက်လာသော ဧည့်သည်များအား အကျွေးအမွေးဖြင့် ဧည့်ခံခြင်းဖြင့် အခမ်းအနားကို အောင်မြင်စွာ ပြီးဆုံးခဲ့ကြောင်းသိရှိရပါသည်။

STI Myanmar University ၏ ပေလီခရီးစဉ်








STI Myanmar University သည် ၂၃.၁၂.၂၀၁၈ မှ ၂၆.၁၂.၂၀၁၈ အထိ Annual ခရီးစဉ်အဖြစ် ငပလီကမ်းခြေသို့ Board of Director များ ၊ ရန်ကုန်နှင့် မန္တလေး ကျောင်းခွဲများမှ ဆရာ/ဆရာမများနှင့် ကျောင်းသား/သူများ ၊ ဝန်ထမ်းများ စုစုပေါင်း (၇၂) ယောက် သွားရောက်ခဲ့ပါသည်။ ၂၄ရက်နှင့် ၂၅ ရက်နေ့တွင် ငပလီကမ်းခြေတွင် အပန်းဖြေအနားယူကြပြီး သံတွဲမြို့ အနီးအနားရှိ သမိုင်းဝင် စေတီတော်များကို ဖူးမျှော်ခဲ့ကြပြီး ၂၆ရက်နေ့မနက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ ကြောင်း သိရှိရပါသည်။